# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှု လုပ်ငန်းစဉ် - အချိန်ဇယား

## ၂၀၁၀

- နှစ်ဂစ် မှန်တိုင်းအပြီး ပြန်လည်ထူထောင်ရေး ကြိုးပမ်းအကာလတွင် တပ်မတော်မှ ရေးဆွဲထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရန် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ပြီး ထို၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားအထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။

## ၂၀၁၁- ၂၀၁၃

- ဦးသိန်းစိန်သည် နိုင်ငံတကာ ရန်ပုံငွေနှင့် ပံ့ပိုးကူညီမှုများ ရရှိရန် ကြိုးပမ်းပြီး ငြိမ်းချမ်းရေး ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်သည်။ ထိုကာလသည်မြန်မာနိုင်ငံ၏ 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်' အတွက် ကနဦးအစဟု အမှတ်အသားပြုခဲ့သည်။
- လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တက်ကြွစွာ ဆွေးနွေးခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးမှုများသည် အတိတ်မှ သဘောထားကွဲလွဲသည့်မကျေနပ်ချက်များကို ပြန်လည်ပေါင်းစည်းရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆီသို့ ခြေလှမ်းများလှမ်းရန် ကြိုးပမ်းမှုဖြစ်သည်။

## ၂၀၁၅

- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့ဖြင့် အောက်တိုဘာလတွင် လက်မှတ် ရေးထိုးခဲ့သော်လည်း ကနဦး ညှိနှိုင်းမှုတွင် ၁၆ ဖွဲ့ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်သည်။ လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကင်းမဲ့ခြင်းနှင့် စည်းကမ်းချက်များအပေါ် သဘောထားကွဲလွဲမှု အချို့တို့ကြောင့် အများအပြား နှုတ်ထွက်ခဲ့ကြသည်။

## ၂၀၁၆

- ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ အပြတ်အသတ် အနိုင်ရခဲ့သော ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး ၂၁ ရာစု ငြိမ်းချမ်းရေး ပင်လုံ ညီလာခံကို ကျင်းပခဲ့သည်။
- အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ ယုတ်ညံ့သည့်သဘောဆောင်သောစကားရပ်များပါရှိသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အားပြင်ဆင်ရန်အပါအဝင် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အတွက် အမျိုးသမီးအဖွဲ့အစည်းများမှ တောင်းဆို ခဲ့ကြသည်။

## ၂၀၁၇

- ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးဖြင့် မတရားဖမ်းဆီးသတ်ဖြတ်မှုများကြောင့် သိန်းနှင့်ချီသော ရိုဟင်ဂျာများမှာ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေး ခဲ့ကြရသည်။ အကြမ်းဖက် တိုက်ခိုက်မှုများသည် စစ်အာဏာရှင်၏ ကာလကြာရှည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း၏ သက်သေသာဓကဖြစ်သည်။ ထို့နောက် ဂမ်ဘီယာနိုင်ငံမှ လူမျိုးတုံးသတ်ဖြတ်မှု တားဆီးရေးပဋိညာဉ်အရ ထိတ်လန့်ဖွယ်ကောင်းသော အကြမ်းဖက်ကျူးလွန်မှုအား အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုအမှုတင်သွင်းခဲ့သည်။

## ၂၀၁၈

- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး နှင့် မွန်ပြည်သစ်ပါတီတို့မှ ပါဝင်လက်မှတ်ရေးထိုး လာသောအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အောင်ပွဲဟု လူအများက ယူဆခဲ့သည်။

# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှု လုပ်ငန်းစဉ် - အချိန်ဇယား

## ၂၀၁၉

- တရားဝင်နှင့် အလွတ်သဘော ငြိမ်းချမ်းရေး ဆွေးနွေးမှုများ အနည်းဆုံး တစ်ဒါဇင်ခန့် ကျင်းပသော်လည်း လက်တွေ့တွင် ဆက်လက်ဖြစ်ပွားနေသော စစ်ရေးတင်းမာမှုများသည် လုပ်ငန်းစဉ် တိုးတက်မှုကို ထိခိုက်စေသောကြောင့် အောင်မြင်မှု အနည်းငယ်သာ ရှိခဲ့သည်။ တရားဝင်တွေ့ဆုံဆွေး နွေးမှုများကို ခေတ္တရပ်ထားခဲ့သော်လည်း အလုံးစုံ ရပ်တန့်ခြင်း မဟုတ်ပါ။
- ရှမ်း၊ ရခိုင်၊ မွန်နှင့် ကချင်ပြည်နယ်တို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် မြန်မာစစ်တပ်တို့ကြား ပဋိပက္ခများကြောင့် အရပ်သား ၂၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

## ၂၀၂၀

- စတုတ္ထအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ပင်လုံညီလာခံကို ၂၀၂၀ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ပြီး ယခင်နှစ်များထက် တက်ရောက်သူနည်းပါးခဲ့သည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အာရှဖောင်ဒေးရှင်း အပါအဝင် အဖွဲ့အစည်းများမှ ‘လမ်းဆုံလမ်းခွ’ ( ရှေ့မတိုးသာ နောက်မဆုတ်သာ) အခြေအနေဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ “တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) သည် အလုံးစုံ ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရန် ယနေ့အထိ ရည်မှန်းချက်အပြည့် ကြိုးပမ်းမှုကို ကိုယ်စားပြုသော်လည်း၊ ၂၀၁၅ခုနှစ် လက်မှတ်ထိုးပြီးနောက်ပိုင်း အချို့သော ဒေသများတွင် အကြမ်းဖက်မှုအဆင့်သည် ယခင်ကထက် ပိုမိုမြင့်မားလာခဲ့ပြီး တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ အရှေ့မြောက်နှင့် အနောက်ဘက်တွင် ဖြစ်ပွားနေသော ပဋိပက္ခများ၌ အဓိကကျသော ပါဝင်သူများ၏ အခန်းကဏ္ဍများကို ဖယ်ထုတ်ထားခဲ့သည်။

## ၂၀၂၁

- အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် အများပြည်သူများ ပိုမိုပါဝင်လာစေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ‘ငြိမ်းချမ်းရေးဗိသုကာသစ်’ ရေးဆွဲရန် အစီအစဉ်များကို ကြေငြာခဲ့သည်။
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်မြန်မာစစ်တပ်က အာဏာသိမ်းပြီးနောက်တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့်အကြမ်းဖက် နှိမ်နင်းမှုများလုပ်ဆောင်ကာတိုင်းပြည်၏ ငြိမ်းချမ်းရေး အလားအလာ အားလုံးကို အဆုံးသတ်ခဲ့သည်။

## ၂၀၂၂

- အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်သည် ငြိမ်းချမ်းရေးအကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား နယ်ခြားစောင့်တပ်အနေ ဖြင့် အသွင်ပြောင်းလဲရန် ကမ်းလှမ်းအဆို ပြုခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ထိုကမ်းလှမ်းမှုအပေါ်စိတ်ပျက်ခဲ့ကြပြီး သဘောတူသည့် လက္ခဏာများ ပြသခဲ့ခြင်းမရှိပါ။

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်- မြန်မာနိုင်ငံ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ။**